# ကညီသးစါကရၢ(လိၢ်ခၢၣ်သး)

**KAREN YOUTH ORGANIZATION (Central)**

Email: kyohqktl@gmail.com


### (၇၃) ကြိမ်မြောက် ကရင့်အမျိုးသားနေ့တွင်ပေးပို့သည့်ကရင်လူငယ်အစည်းအရုံး ၏သဝဏ်လွှာ

**ဖေဖော်ဝါရီ၊ (၁၁)၊ ၂၀၂၂ ခုနှစ်**

**ရဲဘော်တို့၊ ကရင်လူငယ်နှင့်ပြည်သူလူထုအပေါင်းတို့**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့သည် ကရင်အမျိုးသားတို့၏ နေ့ကြီးရက်ကြီးတစ်ရက်ဖြစ်ပြီး၊ ကရင်တစ်မျိုးသားလုံးတို့က မိမိတို့၏နိုင်ငံရေးလိုအင်ဆန္ဒကို ထုတ်ဖော်ကြသည့် ကရင်အမျိုးသားနေ့တစ်နေ့အဖြစ် သတ်မှတ်ခံထားရသည့် (၇၃) ကြိမ်မြောက်နေ့ဖြစ်သည်။ ဤနေ့ကြီးရက်ကြီးတွင် ကျွန်ုပ်တို့ ကရင်လူငယ်အစည်းအရုံးမှ ကရင်လူငယ်ထုအားလုံးနှင့် ပြည်သူတစ်ရပ်လုံးအား နိုးကြားတက်ကြွ၍ စစ်မှန်သောမျိုးချစ်စိတ်ဓါတ်နှင့်အတူ ဖိနှိပ်သွေးစုပ်မှုအဂတိမှ ကင်းလွတ်ကာ တော်လှန်သော စိတ်ဓာတ်ဖြင့် ရှေ့ဆက်အောင်ပွဲရသည့်အထိ လျှောက်လှမ်းနိုင်ပါစေကြောင်း နှင့် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံပြီး၊ မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည့်အတိုင်း ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁) နေ့တွင် တစ်ပြည်လုံးရှိ မြို့ကြီးများတွင် နေထိုင်ကြသော ကရင်လူထုတို့က ၎င်းတို့၏နိုင်ငံရေးလိုအင်ဆန္ဒအား အောက်ပါကြွေးကြော်သံဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

(၁) ကရင်ပြည်ချက်ချင်းပေး။

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။

(၃) လူမျိုးရေး အဓိကရုဏ်းအလိုမရှိ။

(၄) ပြည်တွင်းစစ် အလိုမရှိ စသည်တို့ဖြစ်သည်။

ဤသည်တို့မှာ ကျွန်ုပ်တို့အမျိုးသား၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အား ဖော်ပြပြီး၊ တန်းတူရေး၊ စည်းလုံးညီညွတ်ရေး နှင့်ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြသူများဖြစ်ကြသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ကရင်တစ်မျိုးသားလုံးသည် နိုးကြားတက်ကြွကာ မိမိအမျိုးသားများ၏ တိုးတက်ထွန်းကားရေးနှင့် ဖိနှိပ်သွေးစုပ်မှုရှိသည့်စနစ်ဆိုးများအား ဆန့်ကျင်သည်ကို ဖော်ပြလျှက်ရှိသည်။ ဤအခြင်းအရာများအား ကရင့်အမျိုးသားတော်လှန်ရေးမှတဆင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ရှေ့ဆောင်မှုအောက်တွင် ယနေ့ထိတိုင် လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မိမိတို့ ကရင်လူငယ်များအနေဖြင့်လည်း ကရင်တမျိုးသားလုံး၏ နိုင်ငံရေးလိုအင်ဆန္ဒဖြစ်သော ထိုတောင်းဆိုချက်များ အပေါ် ရပ်တည်လျှက် အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ အမျိုးသားတန်းတူရေး၊ တရားမျှတရေး ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ကရင်တမျိုးသားလုံး၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုးကြားတက်ကြွ၍ စစ်မှန်သော မျိုးချစ်စိတ်ဓါတ်ဖြင့် ဆက်လက်တိုက်ပွဲဝင်ရမည်ဖြစ်သည်။

**ရဲဘော်တို့၊ ကရင်လူငယ်နှင့် ပြည်သူလူထုအပေါင်းတို့**

ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့မိခင်အစည်းအရုံး၏ အဓိကရည်မှန်းချက်မှာ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းပင်ဖြစ်သည်။ ဤသည်မှာ ပြည်တွင်းငြိမ်းချမ်းရေးအား အခိုင်အမာတည်ဆောက်ရန်သာဖြစ်သည်။ ဤသည်မှာ အမျိုးသားအားလုံးရှိ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒမွန်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့မိခင်အစည်းအရုံး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးအရ ရည်မှန်းချက်များမှာ အမျိုးသားတို့၏ တန်းတူရေး၊ အမျိုးသားအသီးသီး၏ ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အရေးရရှိရေးနှင့် စစ်မှန်သည့် ဖယ်ဒရယ်ပြည်ထောင်စုအား

တည်ဆောက်ရေးပင်ဖြစ်သည်။ ယခုအချိန်တွင် မိခင်အစည်းအရုံးသည် လူမျိုးပေါင်းစုံပြည်သူတစ်ရပ်လုံးမှ အာမခံချက်အပြည့် အဂရှိသည့် တိုင်းပြည်၏ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေရှိရန် ကြိုးပမ်းလျှက်ရှိသည်။

ကျွန်ုပ်တို့အမျိုးသား၏ ဆန္ဒမွန်သည် ပြည့်စုံခြင်းမရှိသေးပါ။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ တော်လှန်ရေးသည် အောင်ပွဲပန်းတိုင်သို့ မရောက်ရှိသေးပါ။ ကျွန်ုပ်တို့သိရှိသည့်အတိုင်း အခြေအနေနှင့် အချိန်အခါ ပြောင်းလဲလျှက်ရှိသည့်အပေါ် ကျွန်ုပ်တို့သည် မိခင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ရှေ့ဆောင်လမ်းညွှန်မှုနှင့်အညီ ဆက်လက်ပြီး ရှေ့သို့ ချီတက်ကြရပေအုံးမည်။ ကျနုပ်တို့၏လိုအင်ဆန္ဒပြည့်စုံရေးအတွက် ရှေ့သို့ချီတက်ရာတွင် ကရင့်အမျိုးသားတော်လှန်ရေး၏ ရှုန်းကန်ဖြတ်သန်းလာခဲ့မှု သမိုင်းအတွေ့အကြုံအပေါ်သော်လည်းကောင်း၊ ပြည်တွင်းပြည်ပနိုင်ငံရေးအခြေအနေအရပ်ရပ်အပေါ် သော်လည်းကောင်း မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားပြီး ကရင့်အမျိုးသားများရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာအား စည်းလုံး ညီညွတ်စွာဖြင့် ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်စွာနှင့် ရဲစွမ်းသတ္တိအပြည့်အဂဖြင့် ကျွန်ုပ်တို့၏လိုအင်ဆန္ဒပြည့်စုံရေးအတွက် ဆက်လက်တော်လှန်တိုက်ပွဲဝင်ရန် အချိန်အခါအမှန် ရောက်ရှိနေပြီးဖြစ်သည်။ ကရင်အမျိုးသားထုတရပ်လုံးနှင့် သက်ဆိုင်သော ဤကရင်အမျိုးသားနေ့တွင် ကရင်တစ်မျိုးသားလုံး၏ဆန္ဒအား အကောင်အထည်ဖော်နိုင်ရန်အတွက် စိတ်ဓာတ်စွမ်းအားအပြည့် အဂကို ပေးဆောင်သည့်နေ့တစ်နေ့အဖြစ် မှတ်ယူလျှက် မည်သည့်နေရာဒေသတွင်မှာမဆို နေထိုင်ကြသော ကရင်လူငယ်များ နှင့် ကရင်အမျိုးသားအပေါင်းတို့မှ တစ်ခုတည်းသော ကရင့်အမျိုးသားအလံတော်အောက်တွင် စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ စစ်မှန်သောနိုင်ငံရေးဆန္ဒများအား ရဲရဲရင့်ရင့် ကမ္ဘာသိထုတ် ဖော်ပြသလျှက် ကရင့်အမျိုးသားနေ့အား ဂုဏ်ပြုကျင်းပကြပါစို့။

ဤကြီးမြတ်သည့် ကရင်အမျိုးသားနေ့သည် ကျွန်ုပ်တို့ကရင်တစ်မျိုးသားလုံးအား အောင်ပွဲသို့ပို့ဆောင်နိုင်သည့် စည်းလုံးညီညွတ်မှုအင်အားနှင့် အသိစိတ်ဓာတ်အပြည့်အစုံအား အလျင်အမြန်ယူဆောင်လာနိုင်ပါစေ။

**ကရင်အမျိုးသားနေ့ အဓွန့်ရှည်ပါစေ**
**မဟာလူမျိုးကြီးဝါဒ နှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းရမည်**
**ကရင့်တော်လှန်ရေးမှုချအောင်ရမည်။**

**အလုပ်မှုဆောင်ကော်မတီ**
**ကရင်လူငယ်အစည်းအရုံး (ဗဟို)**
**ကော်သူးလေ**